# Highlights from DVB Debate’s Peace Dealing Show

## July 30, 2016

## “How to reach a real Peace Deal?”

“၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ပြီးမှ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးရမယ်.. ၂၁ ရာစုပင်လုံညီလာခံဟာ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဘယ်လောက်စွမ်းဆောင်နိုင်မယ်ဆိုတာ ကြည့်ရမှာဖြစ်တယ်”

ဗိုလ်မှူးစောလွင် - ကယန်းပြည်သစ်ပါတီ၊ တွဲဖက်အတွင်းရေးမှူး

---

“ကျနော်တို့ ကေအန်ယူက အပစ်အခတ်ရပ်စဲလိုက်တဲ့အခါ ပြည်သူလူထုဟာ အေးအေးချမ်းချမ်း သွားလာနေလို့ရပြီ၊ ညဘက်ထွက်လို့ရနေပြီ။ ပြည်တွင်းစစ်ဒဏ်ကို ယာယီ ရပ်ထားလို့ ရနေတယ်။”

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ

“ပြည်သူလူထုဟာ ညဘက်တော့သွားလာလို့ရနေမယ် သို့သော် နောက်တနေ့မနက်မှာ သူ့လယ်သိမ်းခံရမယ်.. အိမ်ခေါင်မိုးလုံနေတယ် ဒါပေမယ့် အိမ်ကို တပ်က မီးရှို့တာခံရမယ် ဒါမျိုးတွေမဖြစ်အောင် ၂၀၀၈ ဖွဲ့စည်းပုံပြင်မှ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရမယ်”

ဗိုလ်မှူးစောလွင် - ကယန်းပြည်သစ်ပါတီ၊ တွဲဖက်အတွင်းရေးမှူး

---

“၂၁ ရာစုပင်လုံညီလာခံလုပ်တယ်ဆိုတာဟာ လွှတ်တော်ပြင်ပကနေ ကျမတို့ ၂၀၀၈ကို ဘယ်လို ပြင်မလဲ၊ တည်ဆဲဥပဒေတွေထဲက အခက်အခဲဖြစ်နေတာတွေ ဘယ်လိုပြင်မလဲဆိုတဲ့ နည်းလမ်းတခု၊ ဒီ ထွက်ပေါက်တခုပဲ ရှိတယ်”

ဒေါ်ဒွဲဘူ - ၂၁ ရာစုပင်လုံညီလာခံကျင်းပရေးကော်မတီ အဖွဲ့ဝင်

---

“ကျနော်တို့ လက်နက်နဲ့ စစ်မြေပြင်မှာ စာရင်းရှင်းခဲ့ကြတယ်၊ မအောင်မြင်ခဲ့ဘူး။ ကျနော်တို့ စားပွဲဝိုင်းပေါ် ရောက်ခဲ့တယ်၊ နိုင်ငံရေးမှုဘောင် ရေးဆွဲခဲ့တယ်.. ပြုလွယ်ပြောင်းလွယ် မှုတွေဖြစ်ခဲ့တယ်။ ဒီ ၂၁ ရာစု ပင်လုံမှာ ပြင်လို့ရမယ်၊ ဆွေးနွေးလို့ရမယ်လေ. ဆွေးနွေးတဲ့ စကားဝိုင်းပေါ်ရောက်တာဟာ တိုင်းပြည်အတွက် နာကျင်မှု ပိုနည်းစေပါတယ်”

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ

---

"ထာဝရ ငြိမ်းချမ်းရေးရဖို့က ၂၀၀၈ ဖွဲ့စည်းပုံဟာ တိုင်းရင်းသားတွေအတွက်တော့ အဟန့်အတားဖြစ်တယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲက ပြင်သင့်ပြင်ထိုက်တဲ့ အချက်တွေ ပြင်နိုင်အောင် လွှတ်တော်မှာ အများစု လွှမ်းမိုးထားတဲ့ အန်အယ်လ်ဒီ အစိုးရနဲ့ တပ်က လုပ်ပေးရင် ရပါတယ်"

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်အမတ်ဟောင်း

---

"ဟိုတလောက တိုင်းရင်းသားခေါင်းဆောင်တဦး ပြောသွားတယ် တိုင်းရင်းသားတွေဘက်က ပေးစရာဘာမှမရှိဘူးဆိုတာ .. မဟုတ်ပါဘူး ရှိပါတယ် ယုံကြည်မှုနဲ့ ကတိသစ္စာပါ"

ကိုအောင်ဖြိုး - မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

"တိုင်းရင်းသားတွေဘက်က တောင်းစရာတွေမှ အများကြီးပါဗျာ. ဒီမိုကရေစီပေးပါ၊ ဖက်ဒရယ်ပေးပါ၊ ဆုံးရှုံးခဲ့ရတဲ့ လယ်မြေ အိုးအိမ်တွေ ပြန်ပေးပါ"

ဗိုလ်မှူးစောလွင် - ကယန်းပြည်သစ်ပါတီ၊ တွဲဖက်အတွင်းရေးမှူး

---

"ယုံကြည်မှု တည်ဆောက်တယ်ဆိုတာမှာ စားပွဲဝိုင်းပေါ်မှာ ယုံကြည်မှု တည်ဆောက်သလိုပဲ လက်တွေ့ပြင်ပမှာလည်း တပ်နဲ့ တိုင်းရင်းသားတွေကြား ဘယ်လောက်ထိ ယုံကြည်မှု ရှိသလဲ၊ လက်တွေ့ပြင်ပဘဝမှာ ယုံကြည်မှု ပိုတည်ဆောက်ဖို့ လိုတယ်"

ဦးသိန်းရွှေ - ရခိုင်သဟာရအသင်း

---

"ငြိမ်းချမ်းရေးရဖို့ဆိုရာမှာ အကုန်လုံး ပြည့်စုံကုံလုံအောင်တော့ ဘယ်တော့မှာ ရမှာမဟုတ်ဘူးလေ။ အရမ်းကို ဆိုးရွားနေတဲ့ အခြေအနေတွေကနေ ကိုယ်စီ အစွဲတွေချွတ်ပြီး တိုင်းရင်းသား၊ ပြည်သူရော တပ်မတော်ရော လက်တွဲရင်း တဆင့်ချင်း သွားရမှာပဲ"

ဒေါ်ဒွဲဘူ - ၂၁ ရာစုပင်လုံညီလာခံကျင်းပရေးကော်မတီ အဖွဲ့ဝင်

---